**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကာကွယ်ရေးဝန်ကြီးဌာန**

**အရန်တပ်ဖွဲ့နည်းဥပဒေများ**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၄)**

**၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်**

**(၂၀၂၄ ခုနှစ်၊ မတ်လ ၁၀ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် အရန်တပ်ဖွဲ့ ဥပဒေပုဒ်မ ၁၂ အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက် သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤနည်းဥပဒေများကို အရန်တပ်ဖွဲ့နည်းဥပဒေများ ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများပါ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ အရန်တပ်ဖွဲ့ဥပဒေကို ဆိုသည်။

(ခ) **နိုင်ငံ့ဝန်ထမ်း** ဆိုသည်မှာ စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်၊ သို့မဟုတ် အငြိမ်းစားယူခွင့် ရရှိပြီးနောက် ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

(ဂ) **အရန်တပ်ဖွဲ့ဝင်** ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်အဖြစ် တပ်ဝင်စာရင်းရေးသွင်းပြီးသူကိုဆိုသည်။

(ဃ) **အခွင့်ရစစ်ဘက်အာဏာပိုင်** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခွင့်အာဏာအပ် နှင်းထားသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ကိုဆိုသည်။

(င) **စစ်မှုထမ်းဟောင်း** ဆိုသည်မှာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ၏ ပုဒ်မ ၂(ခ)တွင် ပြဋ္ဌာန်း ထားသည့်အတိုင်းဖြစ်သည်။

(စ) **ဆေးစစ်ဆေးရေးဘုတ်အဖွဲ့** ဆိုသည်မှာ အရန်တပ်ဖွဲ့ဥပဒေအရ ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ် ဆေးရန် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးက ဖွဲ့စည်းပေးသည့် တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ကို ဆိုသည်။

(ဆ) **ဗဟိုအဖွဲ့** ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ဇ) **တိုင်းစစ်ဌာနချုပ်အဖွဲ့** ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေး တိုင်းစစ်ဌာနချုပ်အဖွဲ့ကို ဆိုသည်။

(ဈ) **တပ်နယ်အဖွဲ့** ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေး တပ်နယ်အဖွဲ့ကို ဆိုသည်။

(ည) **ဆင့်ခေါ်စာ** ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်ရန် မှတ်ပုံတင်ခြင်းအတွက် ပုံစံ (၂) နှင့် ဆေးစစ်ဆေးခြင်းအတွက် ပုံစံ (၆) ဖြင့် တပ်နယ်အဖွဲ့က ဆင့်ခေါ်သည့်စာကို ဆိုသည်။

(ဋ) **အမိန့်စာ** ဆိုသည်မှာ အခွင့်ရစစ်ဘက်အာဏာပိုင်က အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းရန် ဆင့်ခေါ် ရေးအမိန့်စာ ပုံစံ (၇) ကို ဆိုသည်။

(ဌ) **စာရင်းပြုစုရေးအဖွဲ့** ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်ရာတွင် သက် ဆိုင်ရာ နေရပ်လိပ်စာတွင် နေထိုင်ခြင်း ရှိ မရှိ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက စိစစ် တင်ပြနိုင်ရေးအတွက် အထောက်အကူပြုရန် တပ်နယ်အဖွဲ့က ဖွဲ့စည်းပေးသည့်အဖွဲ့ကို ဆိုသည်။

(ဍ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများပါပုံစံကို ဆိုသည်။

## အခန်း(၂)
## အရန်တပ်ဖွဲ့ဝင် စစ်မှုထမ်းရန်ကာလ

၃။ အရန်တပ်ဖွဲ့ဝင်တစ်ဦးသည်-

(က) ဥပဒေပုဒ်မ ၂ ပါ ပြဋ္ဌာန်းချက်အရ စစ်မှုထမ်းဆောင်ခြင်းကာလ အနည်းဆုံး ၃ နှစ်နှင့် အများဆုံး ၅ နှစ်အထိ ထမ်းဆောင်ရမည်။

(ခ) ဥပဒေပုဒ်မ ၇ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးအပ်ပါက တာဝန်ပေးအပ်သည့် ကာလအတိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

၄။ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို ရေတွက်ရာတွင် အရန်တပ်ဖွဲ့ဝင်အဖြစ် တပ်ဝင်စာရင်း ရေးသွင်းသည့်နေ့မှစ၍ ရေတွက်ရမည်။

**ရှင်းလင်းချက်**။ တပ်ဝင်စာရင်းရေးသွင်းသည့်နေ့ ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်မွမ်းမံသင်တန်း စတင် ဖွင့်လှစ်သည့်နေ့ရက်ကို ဆိုသည်။

## အခန်း (၃)
## အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ဗဟိုအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | စစ်ဦးစီးအရာရှိချုပ်(ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးအရာရှိချုပ်(ရေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) | အဖွဲ့ဝင် |
| (စ) | စစ်ဦးစီးအရာရှိချုပ်(လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) | အဖွဲ့ဝင် |

(ဆ) တွဲဖက်စစ်ရေးချုပ် — အဖွဲ့ဝင်

စစ်ရေးချုပ်ရုံး

(ဇ) တွဲဖက်စစ်ထောက်ချုပ် — အဖွဲ့ဝင်

စစ်ထောက်ချုပ်ရုံး

(ဈ) ဒုတိယစစ်ရာထူးခန့်ချုပ် — အဖွဲ့ဝင်

စစ်ရာထူးခန့်ချုပ်ရုံး

(ည) တွဲဖက်စစ်ဥပဒေချုပ် — အဖွဲ့ဝင်

စစ်ဥပဒေချုပ်ရုံး

(ဋ) ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် — အဖွဲ့ဝင်

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး

(ဌ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး

တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး

(ဍ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေ

တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး

**၆။** ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအလုပ်အဖွဲ့များနှင့် တိုင်းစစ်ဌာနချုပ်အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ခ) တိုင်းစစ်ဌာနချုပ်အဖွဲ့များ၏လုပ်ငန်းတာဝန် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ် ခြင်း၊ လိုအပ်သည့် လမ်းညွှန်မှုများပေးခြင်း၊

(ဂ) တာဝန်ထမ်းဆောင်ရန်ဆင့်ခေါ်မည့် အရန်တပ်ဖွဲ့ဝင် အင်အားစီမံချက်ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ တင်ပြအတည်ပြုချက်ရယူပြီး အရန်တပ်ဖွဲ့ဝင်အဖြစ် အကျုံးဝင်သူများ စာရင်းကို တိုင်းစစ် ဌာနချုပ်အဖွဲ့များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့ခြင်း၊

(ဃ) အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်မည့်သူများ မှတ်ပုံတင်စာရင်း ပုံစံ (၄) တွင် စာရင်းသွင်း ထားသူများအနက်မှ အရန်တပ်ဖွဲ့ဝင်အဖြစ်ဆင့်ခေါ်ရန် ရွေးချယ်ထားသူများစာရင်းကို အရန်တပ်ဖွဲ့ဝင် ဆင့်ခေါ်ရေး တိုင်းစစ်ဌာနချုပ်အဖွဲ့များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်သို့ပေးပို့ခြင်း၊

(င) လိုအပ်သောအမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးအတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ တင်ပြခြင်း။

**၇။** ဗဟိုအဖွဲ့သည် တိုင်းစစ်ဌာနချုပ်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) တိုင်းမှူး — ဥက္ကဋ္ဌ

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

(ခ) ဒေသကွပ်ကဲရေးမှူး — အဖွဲ့ဝင်

သက်ဆိုင်ရာဒေသကွပ်ကဲမှုစစ်ဌာနချုပ်

(ဂ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်

နေပြည်တော်၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(ဃ) ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်

နေပြည်တော်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(င) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်

နေပြည်တော်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန

(စ) ဦးစီးအရာရှိ (ပထမတန်း) — အဖွဲ့ဝင်

(ငွေစာရင်းနှင့်မှတ်တမ်းဌာနခွဲ)

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

(ဆ) တပ်မှူး — အဖွဲ့ဝင်

တပ်မတော်ဆေးရုံ

(ဇ) တပ်မတော်စစ်သားစုဆောင်းရေးတပ်ဖွဲ့မှူး — အဖွဲ့ဝင်

တပ်မတော်စစ်သားစုဆောင်းရေးတပ်

(ဈ) ဦးစီးဗိုလ်မှူးကြီး (စစ်ရေး) — အတွင်းရေးမှူး

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

(ည) ဥက္ကဋ္ဌ — တွဲဖက်အတွင်းရေ

နေပြည်တော်၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်စစ်မှုထမ်း

ဟောင်းကြီးကြပ်ရေးအဖွဲ့

**၈။** တိုင်းစစ်ဌာနချုပ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တပ်နယ်အဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပေးခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေး ဗဟိုအလုပ်အဖွဲ့များနှင့် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် စစ်မှု ထမ်းဟောင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ဗဟိုအဖွဲ့မှပေးပို့သော အရန်တပ်ဖွဲ့ဝင်အဖြစ် အကျုံးဝင်သူများစာရင်းကို တပ်နယ်အဖွဲ့သို့ ပေးပို့စိစစ် စေခြင်း၊

(ဃ) တပ်နယ်အဖွဲ့က စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ပူးတွဲတင်ပြသည့်စာရင်းကို ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(င) တပ်နယ်အဖွဲ့က စိစစ်ပြီး သဘောထားမှတ်ချက်နှင့် တင်ပြသည့် အကြောင်းအချက်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် ဆက်စပ်ဆောင်ရွက်ပြီး ဗဟိုအဖွဲ့သို့တင်ပြခြင်း၊

(စ) အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်မည့်သူများ မှတ်ပုံတင်စာရင်း ပုံစံ (၄) အနက် အရန် တပ်ဖွဲ့ဝင်အဖြစ်ဆင့်ခေါ်ရန် ရွေးချယ်ထားသူများစာရင်းကို ဗဟိုအဖွဲ့မှပေးပို့ပါက တပ်နယ် အဖွဲ့သို့ ဆောလျင်စွာ ပေးပို့ဆောင်ရွက်စေခြင်း၊

(ဆ) တပ်မတော်၌ ပြန်လည်တာဝန်ထမ်းဆောင်ချိန်မှ သတ်မှတ်နှစ်ပြည့်ကာလပြီးမြောက်သည့် အချိန် ထိ အရန်တပ်ဖွဲ့ဝင်များနှင့် ပတ်သက်သည့် ရပိုင်ခွင့်၊ ခံစားခွင့်များအား အချိန်မီရရှိစေရေး ဆောင်ရွက် ပေးခြင်း။

**၉။** တိုင်းစစ်ဌာနချုပ်အဖွဲ့သည် တပ်နယ်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | တပ်နယ်မှူး၊ သို့မဟုတ် တပ်မှူး<br>သက်ဆိုင်ရာတပ်နယ်၊<br>သက်ဆိုင်ရာ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | အဖွဲ့ဝင် (၁)<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ်<br>ဒေသ/ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး/ခရိုင်ရဲတပ်ဖွဲ့မှူး/<br>မြို့နယ်ရဲတပ်ဖွဲ့မှူး<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ဒေသ/ခရိုင်/<br>မြို့နယ်ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ဒေသ<br>အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး၊<br>သို့မဟုတ် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူး<br>ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးစီးအရာရှိ (ဒုတိယတန်း) (မှတ်တမ်းဌာနစု)<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (စ) | တပ်မှူး<br>တပ်မတော်ဆေးရုံ | အဖွဲ့ဝင် |
| (ဆ) | နယ်လှည့်စစ်သားစုဆောင်းရေးတပ်ဖွဲ့မှူး<br>တပ်မတော်စစ်သားစုဆောင်းရေးတပ်ဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးစီးအရာရှိ (ပထမတန်း) (စစ်ရေး)<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အတွင်းရေးမှူး |
| (ဈ) | အဖွဲ့ဝင်<br>နေပြည်တော်၊ တိုင်းဒေသကြီး၊ သို့မဟုတ်<br>ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ | တွဲဖက်အတွင်းေ |

**၁၀။** တပ်နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စာရင်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ခ) တိုင်းစစ်ဌာနချုပ်အဖွဲ့က ပေးပို့သော အရန်တပ်ဖွဲ့ဝင်အဖြစ် အကျုံးဝင်သူများစာရင်းတွင် ပါရှိသူများ အား သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများက စာရင်းပြုစုရေးအဖွဲ့နှင့်အတူ ပြုစုတင်ပြသောစာရင်းကို စိစစ်ပြီး ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအတွင်း နေထိုင်ခြင်းမရှိသူများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းနှင့် သဘောထားမှတ်ချက်ရေးသားခြင်း၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ စိစစ်ပြီးသည့်စာရင်းကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းစစ် ဌာနချုပ်အဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း။

## အခန်း (၄)
## မှတ်ပုံတင်ခြင်း၊ ဆေးစစ်ဆေးခြင်းနှင့် အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းခြင်းတို့အတွက် ဆင့်ခေါ်ခြင်း

**၁၁။** တပ်နယ်အဖွဲ့သည်-

(က) တိုင်းစစ်ဌာနချုပ်အဖွဲ့က ပေးပို့သည့် အရန်တပ်ဖွဲ့ဝင်အဖြစ် အကျုံးဝင်သူများစာရင်းတွင် ပါရှိ သောသူများအား ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအတွင်း နေထိုင်ခြင်း ရှိ မရှိ စိစစ်ခြင်းကို ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် စာရင်းပြုစုရေးအဖွဲ့အား တာဝန်ပေးရမည်။

(ခ) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ပါဝင်သော စာရင်းပြုစုရေးအဖွဲ့အား မိမိ၏ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တပ်မတော်မှ မိမိသဘောဆန္ဒအလျောက် နုတ်ထွက် သော၊ သို့မဟုတ် အငြိမ်းစားယူသော စစ်မှုထမ်းစာရင်းများကို ပုံစံ (၁) ဖြင့် ကောက်ယူစေပြီး မြို့နယ် အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တပ်နယ်အဖွဲ့ထံ တင်ပြစေရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ရရှိသော ပုံစံ (၁) ကို လက်ခံရရှိသည့်နေ့မှ ၇ ရက်အတွင်း တိုင်းစစ် ဌာနချုပ်အဖွဲ့သို့ ပေးပို့ရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) အရ တင်ပြသည့် ပုံစံ (၁) တွင် ပါဝင်သူများအား မှတ်ပုံတင်ရန် ဆင့်ခေါ်စာကို ပုံစံ (၂) ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံမှတစ်ဆင့် ဆင့်ခေါ်ခြင်းခံရသူ၊ သို့မဟုတ် ဆင့်ခေါ်ခြင်းခံရသူ၏ မိသားစုဝင်ထံ ပေးအပ်ရမည်။

(င) ဆင့်ခေါ်ခြင်းခံရသူများအား ပုံစံ (၃) တွင် ဖြည့်စွက်၍ လက်မှတ်ရေးထိုးစေရမည်။

(စ) မှတ်ပုံတင်စာရင်းသွင်းမှုအား ပုံစံ (၄) တွင် ရေးသွင်းပြီး တိုင်းစစ်ဌာနချုပ်အဖွဲ့သို့ တင်ပြရမည်။

(ဆ) မှတ်ပုံတင်စာရင်းသွင်းပြီးသူများကို ပုံစံ (၅) ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဇ) အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်မည့်သူများ မှတ်ပုံတင်စာရင်း ပုံစံ(၄)တွင် စာရင်းသွင်းထား သူများအနက်မှ အရန်တပ်ဖွဲ့ဝင်အဖြစ် ဆင့်ခေါ်ရန် ရွေးချယ်ထားသူများစာရင်းကို ဗဟိုအဖွဲ့၏ ညွှန်ကြား ချက်နှင့်အညီ ဆေးစစ်ဆေးရန် ပုံစံ (၆) ဖြင့် ဆင့်ခေါ်ရမည်။

(ဈ) အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းရန် ရွေးချယ်ထားသူများအား ဆေးစစ်ဆေးခြင်းပြုလုပ်ရန် စုစည်း ခြင်းနှင့် ဆေးစစ်ဆေးမည့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ခြင်း။

(ည) ဆေးစစ်ခြင်းကို ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ဖြင့် စစ်ဆေးရမည်။

(ဋ) ဆေးစစ်ဆေးမှုအောင်မြင်ပြီး ဆင့်ခေါ်ရေးအမိန့်စာပေးအပ်ထားသူများကို တိုင်းစစ်ဌာနချုပ်အဖွဲ့သို့ လွှဲအပ်ရမည်။

(ဌ) ဆေးစစ်ဆေးမှု မအောင်မြင်သူများကို နေရပ်သို့ ပြန်လည်ပို့ဆောင်ရမည်။

☐ **၁၂။** တိုင်းစစ်ဌာနချုပ်အဖွဲ့သည်-

(က) တပ်နယ်အဖွဲ့များက တင်ပြသည့် အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်မည့်သူများ မှတ်ပုံတင် စာရင်းပုံစံ (၄) များကို စုစည်း၍ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ဗဟိုအဖွဲ့မှ အရန်တပ်ဖွဲ့ဝင်အဖြစ် ဆင့်ခေါ်ရန် ရွေးချယ်ထားသူများ စာရင်းကိုပေးပို့ပါက သက်ဆိုင်ရာ တပ်နယ်အဖွဲ့များသို့ ပေးပို့ရမည်။

(ဂ) အခွင့်ရစစ်ဘက်အာဏာပိုင်က ပေးပို့သော အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်ရန် အမိန့်စာများ ကို တပ်နယ်အဖွဲ့များသို့ ဆောလျင်စွာပေးပို့ရမည်။

(ဃ) တပ်နယ်အဖွဲ့ကလွှဲပြောင်းပေးသော ဆေးစစ်ဆေးမှုအောင်မြင်ပြီး အမိန့်စာပေးအပ်ထားသူများကို အမိန့်စာပါ သတ်မှတ်ထားသည့် နေရာသို့ သတ်မှတ်ထားသည့်အချိန်အတွင်း ရောက်ရှိအောင် ပို့ဆောင် ပေးရမည်။

(င) အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းမည့်သူများ၏ အုပ်ချုပ်ထောက်ပံ့ရေးကိစ္စအဝဝအား ဆောင်ရွက် ပေးရမည်။

☐ **၁၃။** အခွင့်ရစစ်ဘက်အာဏာပိုင်သည်-

(က) ဆေးစစ်ဆေးမှုအောင်မြင်ပြီး သတ်မှတ်ချက်နှင့်ပြည့်စုံသူများကို အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်း ဆောင်ရန် အမိန့်စာကို ပုံစံ (၇) ဖြင့် ပေးအပ်ရမည်။ ပုံစံ (၇)တွင် သတင်းပို့ရမည့် နေရာနှင့် အချိန်ကို တစ်ပါတည်း ထည့်သွင်းဖော်ပြရမည်။

(ခ) အမိန့်စာထုတ်ဆင့်ခံရသော အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်ရမည့်သူစာရင်းကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အဖွဲ့သို့ပေးပို့ရမည်။

(ဂ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီခွင့်ပြုချက်နှင့်အညီ အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် အကျုံးဝင်သူတစ်ဦးဦးကို တာဝန်ထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းမှ ကင်းလွတ် ခွင့်ပြုခြင်း၊ သို့မဟုတ် စစ်မှုထမ်းဆောင်ရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးခြင်း၊ သို့မဟုတ် သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

☐ **၁၄။** ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များကို ဖွဲ့စည်းပေးရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

☐ **၁၅။** ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်ရန် ရွေးချယ်ပြီးသူ များကို ဆေးစစ်ဆေးရာတွင် ဆေးအဆင့်သတ်မှတ်ချက်များကို သတ်မှတ်ပေးရမည်။

☐ **၁၆။** ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အဖွဲ့များနှင့်ညှိနှိုင်း၍ ဆေးစစ် ဆေးပေးရမည့် နေ့ရက်နှင့်နေရာတို့ကို သတ်မှတ်ပေးရမည်။

☐ **၁၇။** ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များသည် ဆေးစစ်ဆေးတွေ့ရှိချက်များကို သတ်မှတ်နည်းလမ်းများ အတိုင်း အဆင့်ဆင့်တင်ပြ၍ ဗဟိုအဖွဲ့သို့ တင်ပြအတည်ပြုချက်ကို ရယူရမည်။

## အခန်း (၆)
## အကျိုးခံစားခွင့်သတ်မှတ်ချီးမြှင့်ခြင်း

☐ **၁၈။** အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် စစ်မှုထမ်းဆောင်နေသည့်ကာလအတွင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သတ်မှတ်ပေးသော အကျိုးခံစားခွင့်များကို ခံစားခွင့်ရှိသည်။

☐ **၁၉။** ကာကွယ်ရေးဝန်ကြီးဌာနသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ပေးသည့် အရန် တပ်ဖွဲ့ဝင်များရရှိမည့် အကျိုးခံစားခွင့်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရမည်။

☐ **၂၀။** အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် စစ်မှုထမ်းဆောင်နေစဉ်အတွင်း ပျောက်ဆုံး၊ ကျဆုံး၊ သေဆုံး၊ ဒဏ်ရာ ရရှိခဲ့ခြင်းများရှိခဲ့ပါက ယင်းကဲ့သို့ဖြစ်ပွားခြင်းသည် တာဝန်ဝတ္တရားထမ်းဆောင်ခြင်းနှင့် အကျုံးဝင်ပါက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျိုးခံစားခွင့်များကို ရရှိစေရမည်။

☐ **၂၁။** အရန်တပ်ဖွဲ့ဝင်တစ်ဦးအား ၎င်း၏စွမ်းဆောင်ရည်အပေါ် ကျေနပ်အားရမှုရှိပါက အဆင့်တိုးမြှင့်ခြင်း၊ သင့်လျော်သည့် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်/လက်မှတ်များ ချီးမြှင့်နိုင်သည်။

☐ **၂၂။** အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် အကျုံးဝင်သည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအား လိုအပ် ချက်အရ တာဝန်ထမ်းဆောင်ရန် ဆင့်ခေါ်ခဲ့ပါက ယင်းတာဝန်ထမ်းဆောင်နေသည့် ကာလကို တာဝန်ချိန် အဖြစ် သတ်မှတ်မည်ဖြစ်၍ အဆိုပါ နိုင်ငံ့ဝန်ထမ်း၏ အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ ၎င်းနိုင်ငံ့ဝန်ထမ်း၏ လုပ်သက်တွင် အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည့်ကာလကို ထည့်သွင်းရေတွက်ရမည်။ ၎င်း၏အငြိမ်းစားလစာကို ဥပဒေပုဒ်မ ၆ ပါအတိုင်း ခံစားနိုင်သည်။

## အခန်း (၇)
## အထွေထွေပြဋ္ဌာန်းချက်

☐ **၂၃။** အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ပါက အရန်တပ်ဖွဲ့တာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း သက်ဆိုင်ရာပါတီမှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

☐ **၂၄။** အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် ဥပဒေအရသတ်မှတ်ကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီး သည့်အခါ စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့သည့် တပ်၊ ဌာနက အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်း တာဝန် ပြီးမြောက်ကြောင်း လက်မှတ်ကို ပုံစံ (၈) ဖြင့် ထုတ်ပေးရမည်။

☐ **၂၅။** တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံးသည် တပ်ဝင်စာရင်းသွင်းခြင်းကို အရန်တပ်ဖွဲ့ဝင် အဖြစ် တပ်ဝင်စာရင်းသွင်းသည့်ပုံစံဖြင့် ဆောင်ရွက်ရမည်။

☐ **၂၆။** တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးသည် အရန်တပ်ဖွဲ့ဝင်စစ်မှုထမ်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

☐ **၂၇။** စစ်ရေးချုပ်ရုံးသည် လေ့ကျင့်ရေးကာလပြီးမြောက်သည့် အရန်တပ်ဖွဲ့ဝင်များအား တပ်နေရာ ချထားရေးဆိုင်ရာကိစ္စရပ်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ သဘောတူခွင့်ပြုချက် ဖြင့် ဆောင် ရွက်ရမည်။

ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန